ဧပြီ၊ 2021

nystateofhealth™
The Official Health Plan Marketplace



# နယူးယောက်ပြည်နယ်သားအများစုအတွက် ကျန်းမာရေးအာမခံစရိတ်စကကို လျှော့ချပေးနေသည့် အမေရိကန် ကယ်ဆယ်ရေး အစီအစဉ်

**NY State of Health သည် [1]သင့်အား [1]ငွေကြေးအကူအညီအစီအစဉ်အသစ်အကြောင်းကို သိရှိနားလည်စေရန်၊ [1]သင့်အခွန်လျှော့ ခွင့်ပြုငွေပမာဏ၏ နောက်ဆုံး အခြေအနေနှင့်အညီဖြစ်စေရန်နှင့် ကျန်းမာရေး အစီအစဉ်ကို ရွေးချယ်ဝယ်ယူနိုင်စေရန် ထောက်ကူပေးနိုင်ပါသည်။**

## NY State of Health သို့ ဆက်သွယ်ရန်-

အွန်လိုင်းမှ ဆက်သွယ်ရန်- Nystateofhealth.ny.gov

စားသုံးသူဝန်ဆောင်မှု ဌာနသို့ဆက်သွယ်ရန်- 1-855-355-5777 (TTY:1-800-662-1220)

စာရင်းသွင်းရန် ဆောင်ရွက်ပေးသူထံမှ အကူအညီကို အခမဲ့ရယူလိုက်ပါ။ ကူညီမည့်သူကို ရှာဖွေရန် info.nystateofhealth.ny.gov/findassistor

*အမေရိကန်ကယ်ဆယ်ရေးအစီအစဉ်"အကြောင်းကို ပိုမိုသိရှိလိုပါက-* https://info.nystateofhealth.ny.gov/AmericanRescuePlan သို့သွားရောက်ကြည့်ရှုပါ။

## ငွေကြေးအကူအညီအစီအစဉ်သစ်ကို နားလည်စေခြင်း

- အမေရိကန် ကယ်ဆယ်ရေးအစီအစဉ်သည် 2021 ခုနှစ်၊ မတ်လ 11 ရက်တွင် လက်မှတ်ရေးထိုးပြီး အတည်ပြုခဲ့သည့် ဥပဒေဖြစ်သည်။ ၎င်းတွင် ကျန်းမာရေးအာမခံအစီအစဉ်ကို NY State of Health မှတစ်ဆင့် စာရင်းပေးသွင်းထားသည့် နယူးယောက်ပြည်နယ်သူ ပြည်နယ်သားများအတွက် ပိုမိုများပြားသည့် ငွေကြေးအကူအညီအစီအစဉ်အသစ်တစ်ရပ်ပါဝင်သည်။
- ဤငွေကြေးအကူအညီကို ရရှိနိုင်သူများမှာ **လက်ရှိစာရင်းပေးထားသူများနှင့် စာရင်းအသစ်သွင်းသူများဖြစ်ပြီး**၎င်းတွင် **ဝင်ငွေလည်းကောင်းသော သူများလည်း ပထမဆုံးအကြိမ်အဖြစ်ပါဝင်သည်**။
- ပိုများသည့် အခွန်လျှော့ ခွင့်ပြုငွေကို **ယခုအခါတွင်** ဝင်ငွေနည်းသော သို့မဟုတ် အသင့်အတင့်ဝင်ငွေရှိသော နယူးယောက်ပြည်နယ်သူ ပြည်နယ်သားများအတွက် ရရှိနိုင်ပါပြီ။ လူတစ်ဦးချင်းစီအတွက်ဆိုပါက ဝင်ငွေ တစ်နှစ်လျှင် အများဆုံး $51,040 အထိ ရရှိသူအတွက်ဖြစ်သည်။ မိသားစုလေးယောက်အတွက်ဆိုပါက ဝင်ငွေ တစ်နှစ်လျှင် အများဆုံး $104,800 အထိ ရရှိသူများပါဝင်သည်။
- ဤပမာဏအထက် ဝင်ငွေကို ရရှိနေသည့် နယူးယောက်ပြည်နယ်သားများသည် အခွန်လျှော့ ခွင့်ပြုငွေ အသစ်ကို **ဇွန်လ**မှစ၍ ရယူနိုင်ကြပါမည်။
- ဤပြောင်းလဲမှုများပြုလုပ်မည့် အချိန်နှင့် သင်လုပ်ဆောင်ရမည့် ကိစ္စရပ်များကို NY State of Health က အကြောင်းကြားစာများနှင့် အီးမေးလ်များပို့ပေးမည်ဖြစ်သဖြင့် စောင့်ကြည့်ပေးပါ။နှင့် အီးမေးလ်များပို့ပေးမည်ဖြစ်သဖြင့် စောင့်ကြည့်ပေးပါ။

NY State of Health သည် တည်ဆဲ ပြည်ထောင်စုအဆင့် နိုင်ငံသားဥပဒေနှင့် ပြည်နယ်ဥပဒေများကို လေးစားလိုက်နာပြီး လူမျိုး၊ အသားအရောင်၊ ဇာတိနိုင်ငံ၊ ကိုးကွယ်မှု/ယုံကြည်မှု၊ လိင်၊ အသက်၊ အိမ်ထောင်ရေး/မိသားစု အခြေအနေ၊ မသန်စွမ်းမှု၊ ကိုယ်ဝန်ဆောင်မှုနှင့် ပတ်သက်သည့် အခြေအနေ၊ ဖမ်းဆီးခံရမှု မှတ်တမ်း၊ ပြစ်မှု ကျူးလွန်ထားမှု(များ)၊ လိင် ခွဲခြားသတ်မှတ်မှု၊ လိင်စိတ်တိမ်းညွတ်မှု၊ ပင်ကိုမျိုးရိုးဗီဇဆိုင်ရာ စရိုက်လက္ခဏာများ၊ စစ်မှုထမ်း အခြေအနေ၊ အိမ်တွင်းအကြမ်းဖက်မှုခံရမှု အခြေအနေ နှင့်/သို့မဟုတ် လက်တုံ့ပြန်မှု အစရှိသည်တို့အပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းမရှိပါ။

nystateofhealth™
The Official Health Plan Marketplace

# အမေရိကန် ကယ်ဆယ်ရေး အစီအစဉ်
## စရိတ်လျှော့ပေး သည့် ကျန်းမာရေးအာမခံအကာအကွယ် သည် နယူးယောက်ပြည်နယ်သူပြည်နယ်သားများအတွက်ဖြစ်သည်

## သင် သိထားရန် လိုအပ်သည်များ-

### *သင်သည် NY State of Health မှတစ်ဆင့် အစီအစဉ်တွင် စာရင်းပေးထားပြီး ငွေကြေးအကူအညီကို ရယူထားပါက-*

- ယခုအခါတွင် ပိုမိုများပြားသည့် ငွေကြေးအကူအညီကို ရယူရန် သတ်မှတ်ချက်ပြည့်မီပါသည်။
- NY State of Health သည် သင့်အတွက် အသစ်လျှော့ချပေးလိုက်သည့် အခွန်လျှော့ ခွင့်ပြုငွေအကြောင်းထည့်သွင်းထားသည့် စာများကို ဧပြီလဆန်းပိုင်းတွင် ပို့ပေးပါမည်။ အခွန်လျှော့ ခွင့်ပြုငွေပမာဏကို နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်ရန်အတွက် စာပါ ညွှန်ကြားချက်များကို လိုက်နာပါ။
- အခွန်လျှော့ ခွင့်ပြုငွေပမာဏကို ဇွန်လနောက်ဆုံးထား၍ ပြင်ဆင်ခြင်းမပြုပါက NY State of Health က သင့်အတွက် ၎င်းကို အလိုအလျောက်တိုးမြှင့်ပေးသွားမည် မဟုတ်ပါ။ သင်၏ NY State of Health အကောင့်ထဲတွင် ဝင်ရောက်ကြည့်ရှုခြင်း၊ စာရင်းသွင်းရန် ထောက်ကူပေးမည့်သူနှင့် ဆက်သွယ်ခြင်း သို့မဟုတ် 1-855-355-5777 သို့ ခေါ်ဆိုခြင်းဖြင့် ပြင်ဆင်ခြင်းများကို ပြုလုပ်နိုင်သည့် အခွင့်အလမ်းကို ရရှိလိမ့်မည်ဖြစ်သည်။

### *NY State of Health တွင် မှတ်ပုံတင်ထားသော်လည်း ကျန်းမာရေးအစီအစဉ်ကို ရယူရန် စာရင်းပေးထားခြင်းမရှိပါက-*

- သင်သည် ငွေကြေးအကူအညီကို ရယူရန် *သတ်မှတ်ချက်ပြည့်မီသည်* ဟူသော ပြောကြားချက်ကို လက်ခံရရှိခဲ့ဖူးပါက နောက်ထပ်အကူအညီကိုလည်း ရယူရန် သတ်မှတ်ချက်ပြည့်မီလောက်ပါသည်။ NY State of Health အကောင့်ထဲသို့ ပြန်လည်ဝင်ရောက်ကာ သင်သည်  ပိုများသည့် အခွန်လျှော့ ခွင့်ပြုငွေကို ရရှိရန် သတ်မှတ်ချက်ပြည့်မီခြင်းရှိမရှိကို စစ်ကြည့်ပြီး အစီအစဉ်တစ်ခုခုကို ရွေးချယ်ဝယ်ယူပါ။
- သင်သည် ငွေကြေးအကူအညီကို ရယူရန် *သတ်မှတ်ချက်ပြည့်မီခြင်းမရှိပါ* ဟူသော ပြောကြားချက်ကို ယခင်ကလက်ခံရရှိခဲ့ပါက ယခုအခါတွင် ၎င်းအတွက် သတ်မှတ်ချက်ပြည့်မီနိုင်လောက်ပါသည်။ NY State of Health အကောင့်ထဲသို့ ဇွန်လထဲတွင် ပြန်လည်ဝင်ရောက်ကာ သင်သည် ပိုများသည့် အခွန်လျှော့ ခွင့်ပြုငွေကို ရရှိရန် သတ်မှတ်ချက်ပြည့်မီခြင်းရှိမရှိကို စစ်ကြည့်ပြီး အစီအစဉ်တစ်ခုခုကို ရွေးချယ်ဝယ်ယူပါ။

### *NY State of Health အစီအစဉ်တွင် စာရင်းပေးသွင်းထားပြီး ငွေကြေးအကူအညီကို လက်ခံရရှိခြင်းမရှိသေးပါက-*

- ယခုအခါတွင် သင်သည် အာမခံကြေးများအတွက် အခွန်လျှော့ ခွင့်ပြုငွေကို ရယူရန် သတ်မှတ်ချက်ပြည့်မီလောက်ပါသည်။
- ဤအခွန်လျှော့ ခွင့်ပြုငွေအသစ်များကို ဇွန်လမှစ၍ ရရှိနိုင်ပါမည်။ ရရှိမည့် အခွန်လျှော့ ခွင့်ပြုငွေပမာဏအကြောင်း ဖော်ပြထားသည့် စာကို NY State of Health က သင့်ထံပို့ပေးပါမည်။ အခွန်လျှော့ ခွင့်ပြုငွေ လျှောက်ထားနည်း ညွှန်ကြားချက်များကို https://info.nystateofhealth.ny.gov/AmericanRescuePlan တွင် ရယူနိုင်ပါပြီ။

### *NY State of Health အစီအစဉ်တွင် စာရင်းပေးသွင်းထားခြင်းမရှိသည့်အပြင် လျှောက်ထားခြင်းမပြုရသေးပါက-*

- သင်သည် မည်သည့်အစီအစဉ်အတွက် သတ်မှတ်ချက်ပြည့်မီသည်ကို သိရရန် nystateofhealth.ny.gov တွင် ယခုပဲ လျှောက်ထားလိုက်ပါ။ နယူးယောက်ပြည်နယူးယောက်ပြည်နယ်သူပြည်နယ်သားအများစုသည် ကုန်ကျစရိတ်နည်းသည့် သို့မဟုတ် အခမဲ့ အာမခံအကာအကွယ်ကို ရယူရန် သတ်မှတ်ချက်ပြည့်မီပါသည်။ သင့်ဝင်ငွေသည် နည်းပါးပါက သို့မဟုတ် အသင့်အတင့်ရှိပါက (လူတစ်ဦးချင်းအနေနှင့် တစ်နှစ်လျှင် ဝင်ငွေ အများဆုံး $51,040 အထိ၊ မိသားစုလေးယောက်အတွက်ဆိုပါက တစ်နှစ်လျှင် ဝင်ငွေအများဆုံး $104,800 အထိ) ရှိပါက ပိုကောင်းသည့် ငွေကြေးအကူအညီကို ယခုအခါ ရယူနိုင်ပါပြီ။
- သင့်ဝင်ငွေကောင်းပါက (လူတစ်ဦးချင်းအနေနှင့် တစ်နှစ်လျှင် $51,040 အထက်၊ မိသားစုလေးယောက်အတွက်ဆိုပါက တစ်နှစ်လျှင် $104,800 အထက်) ရှိပါက ဤအကျိုးခံစားခွင့်များကို NY State of Health မှတစ်ဆင့် ဇွန်လမှစ၍ ရရှိနိုင်ပါပြီ။